# ယူနန် "တစ်ဇုန်တစ်လမ်း" တွင်ပါဝင်ဆောင်ရွက်မှုနှုန်းသည် တရုတ်နိုင်ငံအနောက်တောင်ပိုင်းတွင် ပထမဦးဆုံးအဆင့် ရောက်ရှိနေသည်။

ဒီဇင်ဘာလ(၂၉)ရက်နေ့တွင် ပထမဦးဆုံးအကြိမ် တရုတ်-အာဆီယံ လုပ်ငန်းရှင်များဖိုရမ်တွင် ကြေငြာလိုက်သော ၂၀၁၆ခုနှစ်တရုတ်နိုင်ငံ-အာဆီယံ အကြား အပြန်အလှန် ချိတ်ဆက်မှု (၅)ရပ် ညွှန်းဂဏန်း နှိုင်းယှဉ်မှုမှတ်တမ်းနှင့် တရုတ်-အာဆီယံ နိုင်ငံများအကြား အပြန်အလှန် ဆက်ဆံသွားလာရေး ကိန်းဂဏန်းမှတ်တမ်း-ယူနန်ပြည်နယ် ညွှန်းဖော်ကိန်း ဖော်ပြချက်အရ ယူနန်သည်-တစ်ဇုန်တစ်လမ်း-စီမံကိန်းအတွင်း တက်ရောက်ပါဝင်သည့် ပြည်နယ်မြို့များအနက် ပါဝင်ဆောင်ရွက်မှုနှုန်းနှင့် စီစစ်မှုမှတ်တမ်းထဲတွင် ထိပ်ပိုင်းအဆင့်ကို ရောက်ရှိနေပါသည်။ အဆင့်(၉)သို့ ရောက်ပါသည်။ အနောက်တောင်ပိုင်းဒေသများတွင် ပထမဆုံးအဆင့်ရောက်ပါသည်။

၂၀၁၅ ခုနှစ်မတ်လတွင် တရုတ်နိုင်ငံမှ ထုတ်ပြန်သော ပိုးလမ်းမစီးပွားရေးဇုန်ကို အတူ တကွတည်ဆောက်ခြင်းလုပ်ငန်း၊ (၂၁)ရာစုပင်လယ်ပိုးလမ်းမကြီး၏အနာဂတ်အလားလာနှင့် လုပ်ဆောင်မှုကို တွန်းအားပေးဆောင်ရွက်ခြင်းထဲတွင် တိကျစွာဖော်ပြထားသော-တစ်ဇုန်တစ်လမ်း-အတည်ပြုချက် အကျိုးတူပူးပေါင်းဆောင်ရွက်မှု၏ အလေးထားလုပ်ဆောင်မှုမှာ-အစိုးရပေါ်လစီညှိနှိုင်းခြင်း၊ အခြေခံအဆောက်အအုံ ဆက်သွယ်မှုထွန်းကားခြင်း၊ ကူးသန်းရောင်းဝယ်ရေး ချောမွေ့စေခြင်း၊ငွေကြေးများကောင်းမွန်စွာ စီးဆင်းနိုင်ခြင်း၊ ပြည်သူလူထု စိတ်ချင်းချိတ်ဆက်ခြင်း-စသည့်-ချိတ်ဆက်မှု(၅)ရပ်-ဖြစ်သည်။ -တစ်ဇုန်တစ်လမ်း-လမ်းတစ်လျှောက် နိုင်ငံအချင်းချင်း အပြန်အလှန်ချိတ်ဆက်မှု အဆင့်နှင့် တိုးတက်ဖွံ့ဖြိုးမှုကို ပိုမိုဖြစ်ထွန်းစေရန်အတွက် ပေကျင်းတက္ကသိုလ်-ချိတ်ဆက်မှု (၅)ရပ်ဖော်ညွှန်းကိန်း-အသင်းသည် နဂိုစုစည်းထားသော ကိန်းဂဏန်းကို အခြေခံပြုပြီး ချိတ်ဆက်မှု(၅)ရပ်၏ ဖော်ညွှန်းကိန်း စနစ်ကိုရေးဆွဲပါသည်။ -တစ်ဇုန်တစ်လမ်း-လမ်းတစ်လျှောက် နိုင်ငံများအကြား ဆက်သွယ်မှု (၅)ရပ်၏ အခြေအနေများကို စိစစ်ခြင်းနှင့် ပိုမိုဖြစ်ထွန်းစေခြင်း သုတေတနပြုစုခြင်းလုပ်ငန်းများကိုဆောင်ရွက်ပါသည်။ ချိတ်ဆက်မှု(၅)ရပ်ဖော်ညွှန်းကိန်း စနစ်၏ရည်ရွယ်ချက်သည်-အစိုးရပေါ်လစီညှိနှိုင်းခြင်း၊ အခြေခံအဆောက် အအုံဆက်သွယ်မှုတွန်းကားခြင်း၊ ကူးသန်းရောင်းဝယ်ရေး ချောမွေ့စေခြင်း၊ ငွေကြေးများကောင်းမွန်စွာစီးဆင်းနိုင်ခြင်း၊ ပြည်သူလူထု စိတ်ချင်းချိတ်ဆက်ခြင်း-စသည့် အပိုင်းကဏ္ဍ(၅)ရပ်၏ တိုးတက် ဖွံ့ဖြိုးမှုအခြေအနေများကို အထွေထွေ ခြုံငုံဖော်ပြနေပါသည်။

ကြေငြာချက်ထုတ်ပြန်ထားသော ယူနန်ပြည်နယ် ဖော်ညွှန်းကိန်းများ အနက်အဆင့်များ ခွဲခြားသတ်မှတ်သည့် အခါတွင် အဆင့်အရှေ့သို့ရောက်သော အခြေခံအဆောက်အအုံ ဆက်သွယ်မှု ဖော်ညွှန်းကိန်းသည် အဆင့်(၄)နေရာတွင်ရှိပါသည်။ထို့အပြင် အစိုးရပေါ်လစီ ပတ်ဝန်းကျင်၊ စီးပွားရေး ကူးသန်းရောင်းဝယ်ရေး အကျိုးတူပူးပေါင်းဆောင်ရွက်မှု၊ လူမှုယဉ်ကျေးမှုဖလှယ်ခြင်းနှင့် အထွေထွေ အကျိုးပြုမှု လုပ်ဆောင်မှုပုံရိပ်များ စသည့် ဖော်ညွှန်းကိန်းများ၏ အဆင့်အသီးသီးသည် အဆင့်(၁၈)၊ အဆင့်(၉)၊ အဆင့်(၁၅)နှင့် အဆင့်(၁၂)တွင်ရှိနေပါသည်။ အချက်အလက် တစ်ခုချင်းစီ၏ စုစုပေါင်းဖော်ညွှန်းကိန်း ရမှတ်သည် (၆၈. ၉)ဖြစ်သည်။

သတင်းထောက် - လောယုံချမ်

## တရုတ်မြန်မာနိုင်ငံဖြတ်ကျော် လျှပ်စစ်ကုန်ပစ္စည်း (Electronic Commerce) စက်မှုဇုန် စတင်တည်ဆောက်လာ

လွန်ခဲ့သောရက်ပိုင်းအချိန်တွင် ပထမဆုံးသော တရုတ်မြန်မာ နိုင်ငံဖြတ်ကျော်လျှပ်စစ်ကုန်ပစ္စည်း (Electronic Commerce) စက်မှုဇုန်ကို စတင်တည်ဆောက်လာပါသည်။ စက်မှုဇုန်စီမံကိန်း တည်ဆောက်ရေးအတွက် တရုတ်ငွေသန်းပေါင်း (၈၅၀)ယွမ်ကို ရင်းနှီးမြှုပ်နှံသွားမည်ဟု ခန့်မှန်းပါသည်။ တရုတ်-မြန်မာ ကူးသန်းရောင်းဝယ်ရေး ပုံစံပြောင်းအဆင့်မြင့်တင်မှုကိုဖြစ် ထွန်းစေပါမည်။ တရုတ်မြန်မာနယ်စပ် ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းကို အဆင့်မြင့်သော အဆင့်သစ်တစ်ခုဆီသို့ ရောက်ရှိအောင် တွန်းအားပေးမည်ဖြစ်သည်။

မိတ်ဆက်ခြင်းအရနိုင်ငံဖြတ်ကျော် လျှပ်စစ်ကုန်ပစ္စည်း(Electronic Commerce)များလုပ်ငန်းကို ပိုမိုကောင်းမွန်စွာ တိုးတက်ဖွံ့ဖြိုးစေရန်အတွက် ရွှေလီမြို့အစိုးရသည် ဒေသခံနိုင်ငံဖြတ်ကျော် ကူးသန်းရောင်း ဝယ်ရေးကုမ္ပဏီ-ရွှေလီမြို့တာထုံကုမ္ပဏီလီမိတက်-(အောက်တွင် တာထုံကုမ္ပဏီဟုရေးသားသည်)ကို တရုတ်မြန်မာ နိုင်ငံဖြတ်ကျော် လျှပ်စစ်ကုန်ပစ္စည်း (Electronic Commerce) စက်မှုဇုန် တည်ဆောက်မှုလုပ်ငန်းများ အပ်နှံရန်အတွက် ရွေးချယ်ခဲ့သည်။ တာထုံကုမ္ပဏီမှ လျှောက်လွှာတင်သွင်းထားသော တရုတ်မြန်မာနိုင်ငံဖြတ်ကျော် လျှပ်စစ်ကုန်ပစ္စည်း စက်မှုဇုန်သည် တိုးတက်ဖွံ့ဖြိုးမှုနှင့် ပြုပြင်ပြောင်းလဲမှု ဌာန၏ခွင့်ပြုချက်ကို ရရှိပြီဖြစ်သည်။ ပထမဆုံးသော တရုတ်မြန်မာ နိုင်ငံဖြတ်ကျော် လျှပ်စစ်ကုန်ပစ္စည်း (Electronic Commerce) စက်မှုဇုန်စီမံကိန်းကို ကောင်းမွန်စွာ တည်ဆောက်နိုင်ရန်အတွက် တာထုံကုမ္ပဏီသည် ရင်းနှီးငွေ ပမာဏ တရုတ်ယွမ်ငွေ သန်း(၈၅၀)ကို ထည့်သွင်းရန် စီမံကိန်းချထားပါသည်။ စီးပွားရေးလုပ်ငန်း၊ ရုံးလုပ်ငန်းဆောင်ရွက်နိုင်သော၊ ကုန်ပစ္စည်းများခင်းကျင်းပြသသော၊ အွန်လိုင်းရောင်းဝယ်ရေး၊ အမှတ်တံဆိပ်စီမံကိန်း၊ ရောင်းချခြင်း၊ ဘဏ္ဍာရေးဝန်ဆောင်မှု၊ ဂိုထောင်သိုလှောင်ရေး၊ ကုန်ပစ္စည်းစီးဆင်းရေး၊ အခွန်လွတ်ဂိုထောင်၊ ထူးချွန်သူများ မွေးထုတ်ပေးရန် သင်တန်းပို့ချပေးခြင်း၊ နည်းပညာဖလှယ်ခြင်း၊ နေထိုင်မှုစသည့်အားလုံးကိုတစ်နေရာထဲတွင် ရရှိစေသော ဘက်စုံလုပ်ဆောင်ခြင်းကို တစ်သားတည်းကျစေသော အထွေထွေဝန်ဆောင်မှု ပလက်ဖောင်းအဖြစ် တည်ဆောက်သွားမည်ဖြစ်သည်။ ဘက်စုံ၊ အဆင့်မျိုးစုံမှလုပ်ငန်းရှင်နှင့် နိုင်ငံနယ်ခြား လျှပ်စစ်ကုန်ပစ္စည်း လုပ်ငန်းရှင်များအတွက် အရည်အသွေးမြင့်မားသော ဝန်ဆောင်မှုကို ပံ့ပိုးပေးမည်ဖြစ်သည်။ ထို့အတူ တာထုံကုမ္ပဏီသည် ပြည်တွင်း စွမ်းဆောင်ရည်မြင့်မားသော လုပ်ငန်းအဖြစ် ရပ်တည်နေသည်။ မြန်မာနိုင်ငံနှင့် တောင်အာရှလျှပ်စစ်လုပ်ငန်း တိုးတက်ဖွံ့ဖြိုးမှုကို မျက်နှာပြုကာပြည်တွင်းပြည်ပ စီးပွားရေးကူးသန်းရောင်းဝယ်ရေး လုပ်ငန်းများကို ပေါင်းစပ်ပြီး၊ လူသူစီးဆင်းမှု၊ ကုန်ပစ္စည်းစီးဆင်းမှု၊ သတင်းအချက်အလက် စီးဆင်းမှုနှင့် ငွေကြေးစီးဆင်းမှုများကိုစုစည်း ဖြစ်ပေါ်စေပြီး လက်တွေ့ကျသောနှင့် အင်တာနက်ကွန်ယက်အပြန်အလှန် ပေါင်းစပ်ထားသော၊ အတူတကွတိုးတက်ဖွံ့ဖြိုးသော နိုင်ငံဖြတ်ကျော် လျှပ်စစ်စီးပွားရေးကုန်ပစ္စည်း အထွေထွေစက်ကိရိယာများ တစ်သားတည်းရှိသော ဝန်ဆောင်မှုစခန်းကို တည်ဆောက်ဖန်တီး သွားရန်ကြိုးစားသွားပါမည်။

သတင်းထောက် - သူကျွန်

ဓာတ်ပုံသတင်း

## ယူနန်အပြည်ပြည်ဆိုင်ရာကော်ဖီရောင်းဝယ်ရေးစင်တာဆိုင်းဘုတ်တင်တည်ထောင်နိုင်ခဲ့




ဒီဇင်ဘာလ(၂၉)ရက်နေ့တွင် ယူနန်အပြည်ပြည်ဆိုင်ရာ ကော်ဖီရောင်းဝယ်ရေးစင်တာ ဆိုင်းဘုတ်တင်ခြင်းနှင့် စာချုပ်လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို ဖူအလ်မြို့တွင်ကျင်းပခဲ့သည်။ ကော်ဖီကြိုက်နှစ်သက်သူများ၊ ကော်ဖီသောက်လိုသူများ အားလုံးသည် နိုင်ငံတော် တံခါးပေါက်မှ ထွက်ရန်မလို တစ်ကမ္ဘာလုံးအတွင်းရှိ အကောင်းစားကော်ဖီများကိုခံစားသောက်ယူနိုင်ပါသည်။ ယူနန်ဒေသ ထွက်သော ကော်ဖီသည် တစ်ကမ္ဘာလုံးအရသာကောင်းကော်ဖီကဏ္ဍထဲသို့ထည့်သွင်းထား ခြင်းခံနေရ ပြီဖြစ်သည်။

## ယူနန်တွင်ကမ္ဘာ့အဆင့်တိုင်းရင်းသားယဉ်ကျေးမှု မျိုးရိုးဗီဇသိုက်ကို တည်ထောင်သည်

နာရှီးတုံပါရှေးစာပေ၊ တရုတ်နိုင်ငံပေရွက်ကျမ်းစာပေါင်းချုပ်၊ ရီတိုင်းရင်းသားပီမောကျမ်းကောက်နုတ်ချက် ဘာသာပြန်စာအုပ်တို့ အခန်း(၁၀၀)ကျော်ကို အောင်မြင်စွာပုံနှိပ် ထုတ်ဝေခဲ့သည်နှင့်အညီယူနန်သည် တိုင်းရင်းသားရှေးစာပေ ကယ်ဆယ်ကာကွယ်ရေးစီမံကိန်းကို နှစ်ပေါင်း(၃၀)ကြာ စဉ်ဆက်မပြတ် လုပ်ဆောင်လာခဲ့ရာတွင် အရေးပါသောရလဒ်များကိုရရှိခဲ့ပါသည်။ မှတ်တမ်းများအရ ယူနန်သည်အဆိုပါယဉ်ကျေးမှု စီမံကိန်းအတွက် ထည့်သွင်းထားသော ငွေကြေးပမာဏသည် တရုတ်ယွမ်ငွေသန်းပေါင်း (၁၀၀)ကျော်ရှိသည်ဟုသိရပါသည်။

တိုင်းရင်းသား ရှေးစာပေ သုတေသနပညာရှင်ဖူရွှင်ဝမ်၏ မိတ်ဆက်ခြင်းအရ ယူနန်တိုင်းရင်းသား စာတမ်း ရှေးစာပေပမာဏသည် စုစုပေါင်းအုပ်ရေ (၁)သိန်းအုပ်(၃)ကျော်ရှိပါသည်။ အလွန်ကြွယ်ဝသောနှုတ်ဖြင့် ခေတ်အဆက်ဆက်ထားရစ်ခဲ့သော တိုင်းရင်းသား ယဉ်ကျေးမှုစာတမ်း အမွေအနှစ်များလည်းရှိပါသည်။ စာပေများသည် နိုင်ငံရေး၊ စီးပွားရေး၊ ဒဿနိကဗေဒ၊ ဥပဒေ၊ သမိုင်း၊ ဘာသာရေး၊ စစ်ရေး၊ စာပေ၊ အနုပညာ၊ ဘာသာစကား၊ စာလုံး၊ ပထဝီ၊ နက္ခဗေဒ၊ ပြက္ခဒိန်တွက်နည်း၊ ဆေးကုသမှု စသည့် သိပ္ပံနည်းပညာ ကဏ္ဍအပိုင်းမျိုးစုံပါဝင်နေပြီး ယူနန်သည် အင်အားတောင့်သော ယဉ်ကျေးမှုပြည်နယ်ကြီးကို တည်ထောင်ရန် အဓိက အခြေခံအုတ်မြစ်ကိုချထားပါသည်။ တန်ဖိုး ကြီးသော၊ ပျောက်ကွယ်တော့မည့် ယဉ်ကျေးမှု အမွေအနှစ်များကို ကယ်ဆယ်ရန်အတွက် ယူနန်သည်အထူးစီမံချက်အချို့ကို ဖော်ဆောင်ခဲ့သည်။ အထူးသီးသန့်ဌာနများ တည်ထောင်ခြင်း၊ ပညာရှင်များမွေးထုတ်ပေးခြင်း၊ ရင်းနှီးမြှုပ်နှံမှုများကို ဆက်တိုက်ထည့်သွင်းခြင်းဖြင့် အများစုသော တိုင်းရင်းသား စာတမ်းများ ရှေးစာပေများကို စနစ်တကျ မှတ်တမ်းပြုစုထားနိုင်အောင်လုပ် ဆောင်နေပါသည်။

မစုံလင်သော စစ်တမ်းကောက်ယူခြင်းမှ သိရသည်မှာ ယခုအချိန်တွင် ယူနန်ပြည်နယ်သည် တိုင်းရင်းသားရှေးစာပေနှင့် နှုတ်ဖြင့်ဖြန့်ပွားသောစာပေများ သုတေသနသက်ဆိုင်ရာ စာတမ်းများနှင့် စာတမ်းချုပ်ပေါင်းများ အရေအတွက်ပမာဏသည် ထောင်ချီကျော်ထုတ်ဝေပြီဖြစ်သည်။ ပြည်တွင်းပြည်ပ သုတေသနအဖွဲ့အစည်းမျိုးစုံ၊ ပညာရှင်များစွာတို့သည် အဆက်မပြတ်ယူနန်သို့လာရောက်ပြီး တိုင်းရင်းသားယဉ်ကျေးမှု သုတေသနပြုလုပ်နေကြသည်။ နှစ်စဉ်နှစ်တိုင်း ရလဒ်များကို အများပြည်သူထံသို့ ဖြန့်ဝေခဲ့သည်။ ယူနန်သည် ကမ္ဘာ့အဆင့်တိုင်းရင်းသား ယဉ်ကျေးမှု မျိုးရိုးဗီဇသိုက်ကြီးသဖွယ် ဖြစ်နေပေသည်။

သတင်းထောက် - လီချိန်စိန်